NSW Government — Education — Public Schools

# SCHOOL SWIMMING AND WATER SAFETY PROGRAM

## Message to Parents / Caregivers

မိဘ/အုပ်ထိန်းသူများအတွက် မှာကြားချက်

ကျွန်ုပ်တို့၏ ကျောင်းသင်ရိုးညွှန်းတမ်းတွင် ရေကူးသင်တန်းထည့်သွင်းရန် အစီအစဉ်များပြုလုပ်ထားပါသည်။

NSW Department of Education ၏ ကျောင်းရေကူးသင်တန်း အစီအစဉ်သည် ရေနှင့်ပတ်သက်ပြီး မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှု ဖွံ့ဖြိုးတိုးတက်စေကာ ကျောင်းသားကျောင်းသူများအား ရေနှင့်ပတ်သက်သော ဘေးအန္တရာယ်ကင်းဝေးရေးနှင့် ရေနစ်ခြင်းအန္တရာယ်မှ လွတ်မြောက်စေနိုင်သည့် အခြေခံစွမ်းရည်များရရှိစေသော အထူးကြပ်မတ်သင်ကြားမည့် ရေကူးသင်တန်းဖြစ်ပါသည်။ အစီအစဉ်မှာ ဆယ်ရက်တာ ကြာမြင့်ပါမည်။ နေ့စဉ်သင်တန်းချိန်မှာ ၄၅ မိနစ်မျှသာ ကြာပါမည်။

ရေနှင့်ပတ်သက်သော ဘေးအန္တရာယ်ကင်းဝေးရေးနှင့် ရေနစ်ခြင်းအန္တရာယ်မှ လွတ်မြောက်စေနိုင်သည့် အခြေခံစွမ်းရည်များ ကျေနပ်ဘွယ်ရာ အဆင့်အထိ မရောက်သေးသော ကျောင်းသားကျောင်းသူများနှင့် ရေနက်ထဲတွင် သူတပါးထံမှ အကူအညီမပါဘဲ ၂၅မီတာအကွာအဝေးကို မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာမကူးနိုင်သူများသည် ကျောင်းရေကူးသင်တန်း အစီအစဉ်တွင် ပါဝင်ခွင့်ရှိသည်။ ဤရေကူးသင်တန်း အစီအစဉ်က Years 2-6 တွင်တက်ရောက်နေသော ကျောင်းသားကျောင်းသူများ၊ ဩစတြေးလျားနိုင်ငံကို မကြာသေးမီကမှ ရောက်လာသူများနှင့် မသန်မစွမ်းမှုတစ်ခုခု ရှိနေသူများကဲ့သို့သော အထူးလိုအပ်ချက်ရှိသူများကိုပါ အာရုံစိုက်ထားပါသည်။

သင်တန်းပြုလုပ်မည့်နေရာမှာ - ______________________________
Name of pool

သင်တန်းအစီအစဉ်ကို **နေ့စဉ် ရက်သတ္တနှစ်ပါတ်ကြာ** ဆက်တိုက် ပြုလုပ်ပါမည်။

စတင်မည့်ရက် - ____________________ ပြီးဆုံးမည့်ရက် - ____________________
Start date | Finish date

ဤသင်တန်းအတွက် အခကြေးငွေမပေးရပါ။

ခရီးစရိတ်မှာ နေ့စဉ် ______________________________ ကုန်ကျပါမည်။
Daily transport cost

ရေကူးကန် ဝင်ခမှာ နေ့စဉ် ______________________________ ကုန်ကျပါမည်။
Daily pool entry cost

၁၀ ရက်တာ သင်တန်းအတွက် ကုန်ကျငွေစုစုပေါင်းမှာ ______________________________
Total cost for 10 days

ကလေးတိုင်းသည် ရေကူးဝတ်စုံ၊ မျက်နှာသုတ်ပုဝါ၊ ဘလောက်စ် သို့မဟုတ် ရှပ်တစ်ထည်၊ ဦးထုပ်နှင့် အေးသောနေ့များအတွက် အနွေးထည် ယူလာကြရပါမည်။ ရေကူးသင်တန်းကို အမိုးအကာမပါသော ရေကူးကန်တွင်ပြုလုပ်ပါက ကျောင်းသားကျောင်းသူများသည် လုံလောက်သော နေရောင်ခြည်ဒဏ် အကာအကွယ် ဥပမာ SPF 30+ broad spectrum, ရေတွင်မပျော်ဝင်သော sun screen တို့ကို အသုံးပြုရန် လိုအပ်မည်ဖြစ်ကာ မကြာမကြာလည်း လူးပေးသင့်သည်။ (ရေကူးကန်က ခွင့်ပြုလျှင်) တီရှပ် သို့မဟုတ် အကြမ်းထည်ရှပ်လည်း သုံးသင့်သည်။

ကျောင်းသားကျောင်းသူများကို ရေကူးသင်တန်းအစီအစဉ်ကာလတွင် ရေကာမျက်မှန်မပါဘဲ ရေနစ်ခြင်း ဘေးအန္တရာယ်ကင်းဝေးရေးဆိုင်ရာ စွမ်းရည်အားလုံး တတ်မြောက်ခြင်းရှိ၊မရှိ စစ်ဆေးပါမည်။

အကယ်၍သင့်ကလေးသည် အစီအစဉ်တွင် ပါဝင်ခွင့်ရှိပါက သဘောတူညီချက်ပုံစံကို ဖြည့်စွက် လက်မှတ်ထိုးပြီး သင့်ကလေး၏ အတန်းပိုင်ဆရာဆရာမထံ ပြန်ပို့ပေးပါ။

ကျောင်းအုပ် ______________________________ ရက်စွဲ ____________________
Name of principal | Date

BURMESE